## ဆွစ်ဇာလန်နိုင်ငံသား ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများအနေဖြင့် Visa on Arrival (Tourist) လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

ဆွစ်ဇာလန်နိုင်ငံသား ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများအနေဖြင့် မြန်မာနိုင်ငံသို့ Visa On Arrival (Tourist) ဖြင့် ဝင်ရောက်ရန် လျှောက်ထားမည်ဆိုပါက ခွင့်ပြုမည် ဖြစ်ပါကြောင်းနှင့် Visa On Arrival (Tourist) လျှောက်ထားရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား တိကျစွာ လိုက်နာရမည်ဖြစ်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website www.mip.gov.mm ကြေညာချက်တွင် ဖော်ပြထားသည်ကို သိရှိနိုင်ပါရန် အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

- သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးထားသည့် တရားဝင်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူဖြစ်ရမည်၊ Passport သက်တမ်းသည်ရောက်ရှိသည့်နေ့၏ နောက်ပိုင်းအနည်းဆုံး (၆) လ သက်တမ်းကျန်ရှိရမည်။
- လွန်ခဲ့သည့် (၆) လအတွင်းက ရိုက်ကူးထားသည့် (၄စင်တီမီတာx ၆စင်တီမီတာ) ရှိရောင်စုံဓါတ်ပုံ(၂) ပုံအသင့်ယူဆောင်လာရမည်။
- အလည်အပတ်ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ခြင်းအတွက်သာ ခွင့်ပြုမည် ဖြစ်ပါသည်။
- နေခွင့်သက်တမ်းတိုးရန် လျှောက်ထားခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။
- မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ ရမည်။
- မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရကန့်သတ်ထားသောနယ်မြေမှအပ နိုင်ငံခြား သားများ သွားလာခွင့်ရှိသည့် နေရာ များကို လွတ်လပ်စွာ သွားလာနိုင်သည်။
- ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်ရန် ရောက်ရှိလာသူသည် သက်ဆိုင်ရာ လုံခြုံရေးဌာန၊ အဖွဲ့အစည်း နှင့် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနတို့မှ စိစစ်ပြီး ဝင်ခွင့်မပြုနိုင်သူဖြစ်လျှင် ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်း ခံရမည်ဖြစ်သည်။
- အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသူသည် မည်သည့် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက် ပေါက်မှမဆို ပြန်လည် ထွက်ခွာနိုင် သည်။

- လူမှုရေးဗီဇာ (တစ်ကြိမ်သုံး) ဖြင့် ဝင်ရောက်ပါက ဗီဇာကြေး US$ 50 ကောက်ခံ၍ ရက် (၇၀) နေထိုင်ခွင့်ရရှိပြီး ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် Visa on Arrival (Tourist) ဖြင့် ဝင်ရောက်ပါက US$ 50 ပေးဆောင်လျက် ရက် (၃၀) သာ နေထိုင်ခွင့်ရရှိပြီး ဗီဇာသက်တမ်းတိုးခွင့်မရရှိပါကြောင်း၊ ၄င်းအပြင် ဟိုတယ်များ၌သာ တည်းခိုနေထိုင်ခွင့်ရှိပြီး လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ လူမှုရေးအလည်အပတ် လာရောက်လိုသည့် ကိစ္စများအတွက် Social Visa ကိုသာ လျှောက်ထားရမည် ဖြစ်ပါကြောင်း ကိုလည်း အသိပေးဖော်ပြအပ်ပါသည်။
- ဆိုက်ရောက်ဗီဇာ (Visa On Arrival) လျှောက်လွှာပုံစံကို လေကြောင်းလိုင်းများတွင်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သော www.mip.gov.mm တွင်လည်းကောင်း ထုတ်ယူ၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဆိုက်ရောက်ဗီဇာ ကောင်တာတွင် လျှောက်ထားရယူနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

PERMANENT MISSION OF THE REPUBLIC OF THE UNION OF MYANMAR 064 GENEVA

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး
ဂျီနီဗာမြို့
ရက်စွဲ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်